UNESCO | IPDC THE INTERNATIONAL PROGRAMME FOR THE DEVELOPMENT OF COMMUNICATION

ims INTERNATIONAL MEDIA SUPPORT

# “မြန်မာနိုင်ငံ မီဒီယာဖွံ့ဖြိုးတိုးတက်မှု အကဲဖြတ်မှတ်တမ်း” ထုတ်ပြန်ခြင်း

ရန်ကုန်၊ ဇွန် ၁။ ။ နိုင်ငံတကာမီဒီယာအကူအညီပေးရေးအဖွဲ့(IMS)နှင့် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း(UNESCO)တို့ပူးပေါင်းပြုစုထားသော UNESCO ၏ မီဒီယာဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်းများကိုအခြေခံသည့် “မြန်မာနိုင်ငံမီဒီယာ ဖွံ့ဖြိုးတိုးတက်မှုအကဲဖြတ်မှတ်တမ်း” စာအုပ်မိတ်ဆက်သည့်အခမ်းအနားကို ရန်ကုန်မြို့ ချတ်ထရီယမ်ဟိုတယ်တွင်ကျင်းပရာ ပြည်တွင်းပြည်ပ မီဒီယာများ၊ အစိုးရ၊ အပြည်ပြည်ဆိုင် ရာအဖွဲ့အစည်းများ၊ အမျိုးသားစီမံခန့်ခွဲမှုဒီကရီကောလိပ်နှင့် အရပ်ဖက်အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

UNESCO မြန်မာမှ ဌာနေကိုယ်စားလှယ် Mr. Sardar Umar Alam ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နှင့် မြန်မာနိုင်ငံဆိုင်ရာဆွီဒင်သံရုံးမှ ကောင်စစ်ဝန် Mr. David Holmertz တို့က အဖွင့်အမှာစကားအသီးသီး ပြောကြားခဲ့ကြသည်။

Mr. Sardar Umar Alam က “အမျိုးသားစီမံခန့်ခွဲမှုဒီဂရီကောလိပ် သတင်းအတတ်ပညာဌာနက ဦးဆောင်လုပ်ကိုင်ခဲ့တဲ့ နှစ်နှစ်ကြာလုပ်ငန်းစဉ်ရဲ့ ထူးခြားတဲ့ရလဒ်ဖြစ်ပါတယ်” ဟု ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာမီဒီယာကဏ္ဍတွင် အပြုသဘောတိုးတက်ပြောင်းလဲမှုများဖြစ်သည့် ဆင်ဆာဖျက်သိမ်းမှုနှင့် ပုဂ္ဂလိကမီဒီယာများ ပေါ်ထွက်လာမှုတို့ကို အလေးပေးပြောကြားခဲ့သည်။ “စာအုပ်မှာပါတဲ့ အကြံပြုချက်တွေဟာ ကျွန်တော်တို့အတွက် အသုံးဝင်ပြီး မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တစ်တပ်တစ်အားဖြစ်စေပါတယ်” ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာဆွီဒင်သံရုံးမှ ကောင်စစ်ဝန် Mr. David Holmertz က ယခုအကဲဖြတ်မှတ်တမ်းထွက်ရှိအောင် လုပ်ဆောင်ခဲ့သည့် လုပ်ငန်းစဉ်ကို ကျေနပ်မှုရှိကြောင်းနှင့် သက်ဆိုင်သူအများအပြား ပါဝင်လုပ်ဆောင်ခဲ့သည့် အကဲဖြတ်ချက်ဖြစ်သည့်အတွက် အကြံပြုချက်များကို အားလုံးက အသုံးချနိုင်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် UNESCO ဘန်ကောက်ရုံးမှ ပြန်ကြားဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ အကြံပေး Ms. Misako Ito နှင့် IMS မှ မြန်မာနိုင်ငံအစီအစဉ်မန်နေဂျာ Mr. Glen Swanson တို့က “မြန်မာနိုင်ငံမီဒီယာဖွံ့ဖြိုးတိုးတက်မှု အကဲဖြတ်မှတ်တမ်း” နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။
“အခုထုတ်ပြန်လိုက်တဲ့ အကဲဖြတ် မှတ်တမ်းက အစိုးရသစ်ရဲ့ မီဒီယာကဏ္ဍပြုပြင်ပြောင်းလဲမှုတွေလုပ်ဆောင်ရာမှာအထောက်အပံ့ပေးနိုင်မှာဖြစ်သလို မြန်မာနိုင်ငံမှာလွတ်လပ်ပြီး အမျိုးအစားစုံလင်တဲ့မီဒီယာတွေ ဆက်လက်ဖြစ်ထွန်းလာစေ ဖို့တွန်းအားပေးသွားမယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်” ဟု Mr. Glen Swanson က မှတ်ချက်ပြုပြောကြားခဲ့သည်။

www.unescobkk.org
920 Sukhumvit Road
Prakanong, Bangkok Thailand 10110
Tel: +662 3910577
Fax: +662 3910866
E-mail: bangkok@unescobkk.org

မှတ်တမ်းတင်ဓါတ်ပုံရိုက်ပြီးနောက် "မြန်မာနိုင်ငံမီဒီယာဖွံ့ဖြိုးတိုးတက်မှု အကဲဖြတ် မှတ်တမ်း" မှ တွေ့ရှိချက်များကို ဆွေးနွေးကြရာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ဥက္ကဌ ဦးခင်မောင်လေး၊ အမျိုးသားစီမံခန့်ခွဲမှုဒီဂရီကောလိပ် သတင်းအတတ်ပညာဌာနမှ အကြီးတန်းသုတေသီ ဒေါက်တာဇင်မာကျော်၊ Myanmar News Network Co.Ltd မှ အမှုဆောင်အရာရှိချုပ် ဦးကိုကို၊ UNESCO ဘန်ကောက်ရုံးမှ ပြန်ကြားဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာအကြံပေး Ms. Misako Ito ၊ IMS မှ မြန်မာနိုင်ငံအစီအစဉ်မန်နေဂျာ Mr. Glen Swanson နှင့် အပြည်ပြည်ဆိုင်ရာ သုတေသန ညှိနှိုင်းရေးမှူးနဲ့ ယခုအကဲဖြတ်မှတ်တမ်းကို ဦးဆောင်ရေးသားသူ Mr. Bart Robertson တို့က ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်သူများ၏ မေးမြန်းမှုများကို ဖြေကြားခဲ့ကြပါသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် မီဒီယာဖွံ့ဖြိုးတိုးတက်မှုအကဲဖြတ်မှတ်တမ်းကို ဆောင်ရွက်သည့် (၁၆)နိုင်ငံမြောက်ဖြစ်သည်။ UNESCO နှင့် IMS တို့ ပူးပေါင်း၍ မီဒီယာ အညွှန်းကိန်းများနှင့်သက်ဆိုင်သည့် အလုပ်ရုံဆွေးနွေးပွဲများ၊ တိုင်ပင်ညှိနှိုင်းမှုများ၊ အင်တာဗျူးများ၊ ဦးတည်အုပ်စုဆွေးနွေးပွဲများ၊ ပြန်လည်သုံးသပ်မှုများကို ၂၀၁၄ မေလမှ ၂၀၁၆ ဧပြီလအထိ ဆောင်ရွက်ခဲ့သည်။

UNESCO ၏ မီဒီယာဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်းများကို ၂၀၀၈ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံများကအတည်ပြုခဲ့ခြင်းဖြစ်သည်။ "မြန်မာနိုင်ငံမီဒီယာဖွံ့ဖြိုးတိုးတက်မှု အကဲဖြတ်မှတ်တမ်း" ကို အင်္ဂလိပ်ဘာသာဖြင့် www.mediasupport.org နှင့် www.unescobkk.org တို့တွင် ရရှိနိုင်ပြီး၊ မြန်မာဘာသာဖြင့် မကြာမီထွက်ရှိမည် ဖြစ်သည်။ အဆိုပါစာအုပ်များကို ဆွီဒင်၊ ဒိန်းမတ်နှင့် နော်ဝေနိုင်ငံတို့မှ အစိုးရများ၏ ကူညီပံ့ပိုးမှုဖြင့် ပုံနှိပ်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။

ထပ်မံသိရှိလိုပါက အောက်ပါပုဂ္ဂိုလ်များထံသို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**Misako Ito**, Regional Adviser for Communication and Information, UNESCO Bangkok Office, m.ito@unesco.org

**Glen Swanson,** IMS Myanmar Programme Manager, gs@mediasupport.org